## ပါစကားပွဲနေ့၌ကမ္ဘာကြီးသို့မြွက်ကြားသောရဟန်းမင်း ကြီး၏ ဩဝါဒ

နှစ်စဉ်ပါစကားတနင်္ဂနွေနေ့၌ ပါစကားသိုးငယ်တော်၏အောင်မြင်ခြင်းအလံတော်လွှင့်ထူထား လေ့ရှိသော်လည်းယခုနှစ်၌မရှိ။ နှစ်စဉ် ဘင်ခရာတီးဝိုင်းများဖြင့်ခမ်းနားစွာဆိုသည့် ဗာတီကန် နိုင်ငံ ၏သီချင်းကိုသီဆိုခြင်းလည်းမရှိ။ စိန့်ပီတာရင်ပြင်သည်ပန်းများဖြင့်တန်ဆာဆင်ထားခြင်းလည်းမရှိ။ ဗာတီကန် နီးကပ်လျှက်လမ်းမကြီးများလည်းကူးလူးသွားလာသူများ၏မဲ့နေပြီး၊ တိတ်ဆိတ်ခြောက်ကပ်နေသည်။

စိန့်ပီတာဘုရားကျောင်းကြီးအတွင်း၌မူ ပါစကားပွဲနေ့ကြီး၌ကမ္ဘာကြီးသို့မိန့်ခွန်းချွေရန်ရဟန်း မင်းကြီးနှင့် အတူသူ ၏လုပ်ဖော်ဆောင်ဖက်ကာဒီနယ်များ၊ ဆရာတော်များ၊ ဘုန်းတော်ကြီးအနည်းငယ် မျှသာ ရှိသည်။

## ကွဲပြားသောကူးစက်မှု

ရဟန်းမင်းကြီး၏မိန့်ခွန်းကိုကမ္ဘာတစ်ဝှမ်းမှပြည်သူသန်းပေါင်းများစွာကစောင့်ကြည့်နေကြသည်။ ရဟန်း မင်းကြီးသည် ခရစ္စတူးသခင်သည်ရှင်ပြန်တော်မူပြီ ဟုပါစကားကြွေးကြော်သံကိုကြေညာ လိုက် သည်။ ဤ ကြွေးကြော်သံကို အသွင်မတူသောကူးစက်ခြင်း ဟုသုံးနှုန်းထားသည်။ ဤကြွေးကြော် သံသည် လည်း တစ်ဦး၏နှလုံးသားဘဝင်မှအခြားတစ်ဦး၏နှလုံးသားဆီသို့ကူးစက်သွားသည်။

ဤသတင်းကောင်းသည်မီးပွားအသစ်နှင့်တူပြီး၊ စိန်ခေါ်မှုများစွာကိုကြုံတွေ့ရသောကမ္ဘာကြီး၏ မဟူရာညကို အောင်မြင်ပြီးမှပေါ်ထွက်လာခြင်းဖြစ်သည်။ ထို့အတွက် ကျွန်ုပ်တို့ကမ္ဘာကြီးမိသားစုသည် လည်း ကူးစက်နှုန်းမြန်ပြီးသောရောဂါ၏နှိပ်ကွပ်ခြင်းကိုခေါင်းမဖော်နိုင်အောင်ခံနေရသည်။

ယေရှုးသခင်၏ရှင်ပြန်ထမြောက်ခြင်းသည် မျက်လှည့်အစွမ်းကဲ့သို့အခက်အခဲကိုပျောက်စေဟုအ မိန့်ပေး၍ လုပ်ရသောအမှုမဟုတ်။ အမြစ်တွယ်နေသောမကောင်းမှုဇစ်မြစ်ကိုအကောင်းဖြင့်အနိုင်ယူ ခြင်း ဖြစ်သည်။ ဤအောင်မြင်မှုသည်တိုက်ဆိုင်မှုမဟုတ်။ သို့သော်ဒုက္ခခံခြင်း၊ သေခြင်းတည်းဟူသော အဆင့်များကို ဖြတ်သန်းခဲ့ရသည်။ အသူရာချောက်ကြီးကိုကောင်းကင်သို့ပို့သောလမ်းအဖြစ်ဖောက် လျှောက် ခဲ့သည်။

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများအတွက်နှစ်သိမ့်ခြင်း

ယခုနှစ်၏ပါစကားပွဲတော်သည်ကူးစက်ရောဂါဆိုးကြီးကြောင့် အထီးကျန်စွာကျင်းပရသောပွဲ၊ ဝမ်းနည်းခြင်း နှင့်အခက်အခဲကြား၌ကျင်းပခဲ့ရသောပွဲဖြစ်ခဲ့သည်။ ဤရောဂါသည်ကာယ ဝေဒနာ မှစီးပွားရေး အကြပ် အတည်းသို့ကူးပြောင်းလာစေသည်။ ရောဂါကပ်ဆိုးကြီးသည်လူသားအချင်းချင်းနီးစပ်မှု ကိုဆုံးရှုံးစေ ခြင်း သာ မဟုတ်ဘဲ၊ သန့်ရှင်းမြင့်မြတ်သောစက္ကရာမင်းတူမှစီးထွက်လာသောအချင်းချင်း အားပေးနှစ်သိမ့်ခြင်း ကောင်းကြီးကိုလည်းမခံယူနိုင်အောင်အဟန့်အတားဖြစ်စေသည်။ အထူးသဖြင့် ဝိ ညာဉ် ၏ အင်အားဖြစ်သောကိုယ်တော်မြတ်နှင့်အပြစ်ဖြေလျှောက်သည့်စက္ကရာမင်းတူများကိုမခံယူနိုင်ဖြစ်ရသည်။ အချင်းချင်းထံမှအားပေးနှစ်သိမ့်မှုမရနိုင်သော်လည်း ဘုရားသခင်သည်ကျွန်ုပ်တို့အား စွန့်ပစ်မထားပါ။ ကျွန်ုပ် တို့၏ဆုတောင်းမေတ္တာ၌ပေါင်းစည်းလျှက်ရှိသည်။ သူ၏ တန်ခိုးကြီးသော လက်တော်ကို ကျွန်ုပ်တို့ အပေါ်သို့အုပ်မိုးထားလျှက်ရှိသည်ဟုယုံကြည်ကြပါသည်။

## အခြေခံလိုအပ်ချက်များကိုကူညီလှူဒါန်းပေးနေသောသူများအားအထူးကျေးဇူးတင်ပါသည်

ရဟန်းမင်းကြီးသည်ကမ္ဘာတစ်ဝှမ်းမှ စိတ်ကောင်းနှလုံးကောင်းဖြင့် လူသားထု၏ဝေဒနာများ၊ အခက်အခဲများကိုပေါ့ပါးလျှော့နည်းသွားအောင်ကူညီလှူဒါန်းပေးကြသောသူများ၊ သူ၏ချစ် ခြင်းကိုဆရာဝန်များ၊ သူနာပြုများနှင့် ဤကပ်ရောဂါဆိုးကြီး၏အရေးပေါ်ကာလ၌လိုအပ်သောအကူအ ညီများကို ကူညီ လှူဒါန်း ပေးသော၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ကာကွယ်ရေးအဖွဲ့အစည်းများ၊ ထိ ရောက် သောဥပ ဒေများ ရေးဆွဲပြဌာန်း၍ဆင့်ပွားကူးစက်ခြင်းကိုဟန့်တားပေးသည့်အဖွဲ့အစည်းများအားလုံးတို့ကိုကျေးဇူးတင် ကြောင်းထုတ်ဖော်မိန့် ကြားခဲ့သည်။

## အများကောင်းကျိုးအတွက်ကြိုးစားလုပ်ဆောင်ရန်အားပေးတိုက်တွန်းခဲ့သည်

လက်ရှိအခြေအနေသည် အဘယ်သို့ဖြစ်လာမည်မသိသောအနာဂါတ်အတွက်ပူပင်စရာလည်း ဖြစ်ရသည်။ အလုပ်အတွက်လည်းစိန်ခေါ်မှုမြင့်တက်လာနေပါသည်။ ထို့ကြောင့်နိုင်ငံ့ခေါင်းဆောင်များ အနေဖြင့် အများကောင်းကျိုးအတွက်တတတ်တအားလုပ်ဆောင်ကြရန်၊ မိမိတို့နိုင်ငံသားများအားပိုလျှံ စွာမဟုတ်သော်လည်း ဂုဏ်သိက္ခာရှိရှိမှီဝဲစားသောက်နိုင်မည့်အခြေအနေမျိုးကိုဖန်တီးပေးကြရန်၊ အခြေအနေပေး လာသည်နှင့်လည်းငှင်းတို့၏အလုပ်များ၊ နေ့စဉ် ဝင်ငွေရှိမည့် အလုပ်များကို ပြန်လည် စတင်နိုင်ရန်စီမံပေးကြရန်အားပေးတိုက်တွန်းထားသည်။

## လက်ရှိအခြေအနေကိုစိတ်ဝင်စားမှုမရှိသကဲ့သို့မနေသင့်။

လက်ရှိအခြေအနေသည်အရေးကြီး၍သွေးစည်းရမည်အချိန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ တစ်ဝှမ်း လုံးသည်အတိဒုက္ခရောက်နေသည်။ ထို့ကြောင့်အတူတကွ ဤကပ်ဆိုးကြီးကိုတိုက် ထုတ်ဟန့် တားရန်လိုလာသည်။ ချို့တဲ့သူ၊ သွားရေးလာရေးခက်ခဲသောဆင်ခြေဖုံးဒေသ၌နေထိုင် ကြသူ များ၊ ဒုက္ခ သည်များ၊ အိုးမဲ့အိမ်မဲ့များအား ရှင်ပြန် ထမြောက်သောယေဇူးသခင်သည် မျှော်လင့်ချက် ရောင်ခြည်ကို ဆောင်ယူလာ ပေးပါစေ။ ထို့အတူအပြည်ပြည်ဆိုင်ရာစီးပွားရေးပိတ်ဆို့မှုများခံထားရ သောနိုင်ငံများ အားလည်း လက်ရှိအခြေအနေ၌လျှော့ချသက်ညှာရန်၊ ကြွေးမြီများကိုလည်းစဉ်းစားပေး ရန်၊ အဘယ် ကြောင့် ဆိုသော်ခက်ခဲစွာရုန်းကန်နေရချိန်၊ ထိုပိတ်ဆို့မှုများနှင့်ကြွေးမြီများသည်ဂန်ပိုဖြစ် သွားပေမည်။

## လက်ရှိအချိန်သည်ကိုယ်ကျိုးကိုသာတွက်ရမည့်အချိန်မဟုတ်

လက်ရှိအခြေအနေသည်ကိုယ်ကျိုးကိုသာတွက်ရမည့်အချိန်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဤကပ် ဆိုးကြီး၏ ခြိမ်းခြောက်မှုသည်နိုင်ငံအသီးသီးကကြုံနေရသည်။ အထူးသဖြင့်ဥရောပအနေဖြင့်အ ချင်းချင်း ပြိုင်ဆိုင်ရာမှဒုတိယကမ္ဘာစစ်မီးတောက်ခဲ့ရသည့်အတိတ်ကစိတ်သဘောထားကိုလွှတ်မြောက်နိုင်ပါစေ။ လက် တွေ့ ကျလွန်းသောဝေမျှခံထမ်းမှုများအတွက်ကျေးဇူးအထူးတင်ပါသည်။ ပြိုင်ဆိုင်လို စိတ်များပြန် လည်အား ကောင်းမလာရန်လိုပါသည်။ ကျွန်ုပ်တို့အား လုံးသည်မိသားစု တစ်စုတည်း၏ အစိပ်အပိုင်း များဖြစ်သည်ဟုခံယူရမည်။ ထို့ကြောင့်အချင်းချင်းထောက်ပံ့ကူညီရမည်။ ကိုယ်ကျိုးကိုသာ တွက် ဆ လွန်းခြင်းသည်ငြိမ်းချမ်းရေးကိုဖျက်ဆီးသည်။ ထို့အတူအနာဂါမျိုးဆက်သစ်များ၏ဖွံ့ဖြိုးမှုကို လည်း ပျက်စီး စေသည်။

## ခွာကွဲရမည့်အချိန်မဟုတ်။

လက်ရှိအခြေအနေသည်ခွာကွဲရမည့်အချိန်မဟုတ်။ ကမ္ဘာအရပ်ရပ်၌ဖြစ်ပွားနေသောစစ်ပွဲများ ချက်ချင်း ရပ်တန့် ပေးရန်မေတ္တာရပ်ခံလိုက်သည်။ စစ်လက်နက်များရောင်းဝယ်ဖောက်ကား၍အမြတ် ကြီးစားစီး ပွားရှာနေ သည် ကိုလည်းပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။ ဆီးရီးယား၊ ရေမင်၊ အီရတ်၊ လေ ဘာနွန်နိုင်ငံ များ၌ဖြစ် ပွားနေသောပဋိပက္ခများကိုလည်းအဖြေရှာဖြေရှင်းရန်၊ အီစွရေးနှင့် ပါလက် စတိုင်းတို့ လည်း တွေ့ ဆုံဆွေးနွေးမှုကိုပြန်လည်စတင်မည်ဟုမျှော်လင့်ကြောင်း၊ အရှေ့ယူကရိန်း၏အ ခြေအနေ သည် လည်းအချိန်မှီဖြေရှင်းနိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်း၊ အာဖရိကနိုင်ငံများစွာ၌အကြမ်း ဖက်လုပ်ရပ် များ

ဖြင့် အပြစ်မဲ့သူများ၏အသက်ပေါင်းများစွာသေကြေနေကြရသည့်လုပ်ရပ်များသည် လည်းအ ဆုံးသတ်သင့်ပြီ ဖြစ်ကြောင်းတိုက်တွန်းခဲ့သည်။

## မေ့မေ့ပျောက်ပျောက်ရှိရမည့်အချိန်မဟုတ်။

ယခုအချိန်သည်မေ့မေ့ပျောက် ပျောက်ရှိရမည့်အချိန်မဟုတ်။ အာရှနှင့်အဖရိကတိုက်၌ဖြစ်ပွား သော လူသား ချင်း ဆိုင်ရာပဋိပက္ခများကိုညွှန်းဆို၍တိုက်တွန်းခဲ့သည်။ ဒုက္ခသည်များ၊ ပြောင်းရွှေ့များ အတွက် ဆုတောင်း ပေးပါကြောင်း၊ အဘယ်ကြောင့်ဆိုသော်၄င်းတို့သည်မခံမရပ်နိုင်သောဘဝအခြေ အနေ၌ရှင် သန်နေ ရကြောင်း၊ အထူးသဖြင့်ဂရိနှင့်တူရကီတို့၏နယ်ခြား၌နေနေရသောလစ်ဗျားတို့၏အ ခြေအနေ အတွက် အထူးဆုတောင်းပေးသည်။ နိုင်ငံရေး၊ လူမှုစီးပွားရေး၊ ချွတ်ချုံကျ နေသောလူ ထုကျန်းမာ ပြီးသာသနာနှင့် ရင်ဆိုင်နေသော ဗင်နီဇွဲလားနိုင်ငံသည်လည်းနိုင်ငံတကာအဖွဲ့ အစည်းများ၏ဝင် ရောက်ကိုင်တွယ်ဖြေရှင်း ပေးမှုဖြင့်အ မြန်ဆုံးဖြေရှင်းနိုင်ရန်လည်းဆုတောင်းပေးသည်။

## ယေရှုးသခင်၏တပည့်တော်များသည်အမှောင်ထု၏ဝေဒနာသည်များ

လက်ရှိအခြေအနေ၌မပူမအေးဖြစ်ခြင်း၊ ကိုယ်ကျိုးကိုတွက်ဆလွန်းခြင်း၊ ခွာကွဲခြင်း၊ မေ့မေ့ပျောက်ပျောက်နေခြင်းစသောအသုံးအနှုန်းများကိုကျွန်ုပ်တို့မကြားချင်ဆုံးစကားလုံးများဖြစ်သည်။ ဤ စကားလုံးများသည်ကြောက်စိတ်နှင့်သေခြင်းတရားကျွန်ုပ်တို့အားလွှမ်းမိုးသည့်အချိန်မျိုး၌အနိုင်ရလိုက် သကဲ့သို့ ဖြစ်သွားသည်။ ၄င်းကိုထာဝရပိတ်ပင်ပစ်လိုက်ချင်သည်။

ရဟန်းမင်းကြီးသည်ပါ၊စကားပွဲနေ့၌တစ်ကမ္ဘာလုံးအားမြွတ်ကြားသောသူ၏မိန့်ခွန်းကိုဆုတောင်းမေတာတစ်ပုဒ် ဖြင့်အဆုံးသတ်သွားခဲ့သည်။ ထိုဆုတောင်းကား သေခြင်းကိုအနိုင်ပိုင်းခဲ့သော ခရစ္စတူးသည် ထာဝရကယ်တင်ခြင်းလမ်းတော်ကိုကျွန်ုပ်တို့အတွက်ဖွင့်ပေးပါစေ။ အမှောင်ထုအတွင်းမှ ကျွန်ုပ်တို့၏ ဝေဒနာများကို ဖယ်ရှင်းပစ်ပါစေ။ ကျွန်ုပ်တို့ကိုဘုန်းတော်ထွန်းလင်းသောနေ့ဆီသို့ဦး ဆောင်သွားပါစေ။ ထိုနေ့ကားအဆုံးမသတ်သောနေ့ဖြစ်ပါသည်။

ဘာသာပြန် ဖာသာရ်ကလဲမင့်အားတယ်